အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၅၀

၁၉ ဇန်နဝါရီ ၂၀၂၄

## မာတင်လူသာကင်း




"ဇန်နဝါရီလ ၁၅ ရက်နေ့ က Martin Luther King နေ့ဖြစ်ပြီ အမေရိကန်ပြည်ထောင်စုမှာ အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပါတယ်။ Martin Luther King အမျှော်အမြင်ကြီးပြီး ထက်မြက်ရှုံသာမက ရန်သူများကို မိတ်ဆွေအဖြစ် ပြောင်းလဲရန် မေတ္တာစွမ်းအားအကြောင်းကို ဟောကြားခဲ့ပြီး လူဖြူကိုတွေ လူမည်းများအတူ ရပ်တည်လာအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ ၃၉ နှစ်ဘဲရှိပြီး ငယ်ရွယ်တဲ့ အချိန်မှာ လူသားဆန်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုရရှိရေး တစိုက်မတ်မတ် လုပ်ဆောင်ရင်း မသမာသူတစ်ယောက်ရဲ့ ပစ်သတ်ခြင်းကိုခံခဲ့ရတယ်"

- **ဦးအောင်ကျော်မိုး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

(Photo : ၂၀၁၆ ဝါရှင်တန်ဒီစီ)




မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြား နိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၅ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




## "တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးတွေကို ကြည့်ပြီး အမြန်ဆုံးလက်နက်ချအဆုံးသတ်ပါ"

"လောက်ကိုင်(ဒကစ)တစ်ခုလုံး လက်နက်ချအညံ့ခံ သွားတဲ့ ဖြစ်ရပ်နဲ့ပတ်သက်ပြီး လက်နက်ကိုင်ပဋိပက္ခကို အမြန်ဆုံး ချုပ်ငြိမ်းနိုင်ဖို့အတွက် လက်လွတ်လိုက်ရ ခြင်းဖြစ်တယ်လို့ စစ်ကောင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြည်တွင်း မီဒီယာကိုပြောတယ်။ စစ်ကောင်စီအနေနဲ့ အမှန် စင်စစ်လက်နက်ကိုင် ပဋိပက္ခကို အမှန်တကယ် ချုပ်ငြိမ်းစေ ချင်တယ်ဆိုရင် တစ်နိုင်ငံလုံး လက်နက်ချပြီး စစ်ဗိုလ်ချုပ်တွေ ကလည်း ကိုယ်ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှု လူသားမျိုးနွယ် ပေါ်ကျူးလွန်တဲ့ ရာဇာဝတ်မှု စတဲ့ပစ်မှုတွေကို တာဝန်ယူမှု တာဝန်ခံမှုနဲ့အတူ တရားဥပဒေအရ အပစ်ပေးအရေးယူတာ ခံယူရပါမယ်။ တစ်ဆက်တည်းမှာပဲ တိုင်းပြည်နဲ့ပြည်သူ ဒီထက် မနစ်နာအောင် လောက်ကိုင် တစ်ခုတည်းပဲမဟုတ်ပဲ တစ်နိုင်ငံလုံးအနေနဲ့ စစ်ကောင်စီဘက်က ပြည်သူတွေကို လက်နက်ချပြီး ဒီတော်လှန်ရေးကိုအဆုံးသတ်ဖို့ အမြန်ဆုံး လုပ်ဆောင်နိုင်ရင် ပိုကောင်းပါတယ်။ ဒါကြောင့် တိုင်းပြည် အကျိုး ပြည်သူအကျိုးတွေကို ကြည့်ပြီး အမြန်ဆုံး လက်နက်ချအဆုံးသတ်ပါလို့ ထပ်မံတိုက်တွန်းချင်ပါတယ်"

**- ဦးအောင်ကျော်မိုး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့် အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# ၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်စစ်တပ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ အစီရင်ခံစာ ထုတ်ပြန်

## အကျဉ်းချုပ်


လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုဖြစ်စဉ်များကို စနစ်တကျစုဆောင်းကောက်ယူခဲ့ပါသည်။ ထိုသို့စုဆောင်းကောက်ယူရာတွင် မြေပြင်ကတိုက်ရိုက် ပေးပို့သည့် သတင်းအချက်အလက်များနှင့် ခိုင်မာသည့် သတင်းမီဒီယာများ၏တင်ပြချက်များကို စုဆောင်းမှတ်တမ်းတင်ပါသည်။ ထိုသတင်းများခိုင်လုံမှုရှိမရှိကို မြေပြင်တွင်ကွင်းဆင်းလုပ်ဆောင်သည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ဆန်းစစ်အတည်ပြုပါသည်။
ထို့မှတဆင့် ကာယကံရှင်နှင့် မျက်မြင်သက်သေများကို တိုက်ရိုက်မေးမြန်းပြီး ခိုင်မာသည့်သက်သေခံဗီဒီယိုများ၊ ဓာတ်ပုံများ၊ မြေပုံများကိုစုဆောင်းကာ တိကျခိုင်လုံမှုရှိစေရန် လုပ်ဆောင်ပါသည်။ ထိုခိုင်မာသည့် ဖြစ်စဉ်များကို IIMM နှင့် နိုင်ငံတကာသို့ ပေးပို့ပါသည်။
၂၀၂၃ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်ပေါင်း (**၄၆၅၆**)**ခု** ကို ကောက်ယူရရှိခဲ့ပြီး မြေပြင်နှင့် ဆန်းစစ်အတည်ပြုနိုင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ်စုစုပေါင်း (**၆၅၇**) **ခု** ကို မှတ်တမ်းတင်သိမ်းဆည်းထားနိုင်ခဲ့သည်။ ထိုဖြစ်ရပ်များထဲမှ အင်တာဗျူး၊ ဓာတ်ပုံမှတ်တမ်းများအပါအဝင်အချက်အလက်များရရှိပြီး မှန်ကန်ကြောင်းခိုင်မာစွာ အတည်ပြု နိုင်ခဲ့သည့် ဖြစ်စဉ်ပေါင်း(**၃၂၂**)**ခု** ရှိခဲ့သည်။ IIMM နှင့် နိုင်ငံတကာသို့ ဖြစ်စဉ် (**၁၆၅**)**ခု** ကို ပေးပို့နိုင်ခဲ့သည်။
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၏ အချက်အလက် ကောက်ယူရရှိမှုများအရ ၂၀၂၃ ခုနှစ်အတွင်း အရပ်သား ပြည်သူ (**၂၁၃၃**) **ဦး** လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရပြီး အသက် (၁၈)နှစ်အောက် ကလေးသူငယ်(**၃၂၉**)**ဦး**ပါဝင်ခဲ့သည်။
လူ့အခွင့်အရေးချိုးဖောက်ခံရမှု အမျိုးအစားများထဲတွင် တရားလက်လွတ်သတ်ဖြတ်မှု မှာ အများဆုံးချိုးဖောက်မှုအမျိုးအစားဖြစ်ခဲ့သည်။ စုစုပေါင်း တရားလက်လွတ်သတ်ဖြတ်မှု (**၃၀၄**) **မှု**ကို စုဆောင်းမှတ်တမ်းတင်နိုင်ခဲ့သည်။ အရပ်သားပြည်သူပေါင်း (**၁၃၄၂**) **ဦး** မှာ တရားလက်လွတ်သတ်ဖြတ်ခံခဲ့ရပြီး သတ်ဖြတ်ခံရသောသူများထဲတွင် အသက် (၁၈)နှစ်အောက်ကလေးသူငယ် (**၁၇၂**)**ဦး** ပါဝင်ခဲ့သည်။
၂၀၂၃ ခုနှစ်အတွင်း လူငါးဦးနှင့်အထက်အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသည့် ဖြစ်စဉ်ပေါင်း (**၈၆**) **ခု** ဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူပေါင်းစုစုပေါင်း (**၈၆၈**) **ဦး**တို့ သတ်ဖြတ်ခံခဲ့ရသည်။ အဆိုပါ အစုလိုက်အပြုံလိုက်ဖြစ်စဉ်များထည်းတွင စစ်ကိုင်းတိုင်းဒေသကြီး၊ပဇီကြီးကျေးရွာဖြစ်စဉ်၌ အရပ်သားပြည်သူ (**၁၅၇**)**ဦး**သတ်ဖြတ်ခံခဲ့ရသဖြင့် လူသေမှု အများဆုံးဖြစ်စဉ်ဖြစ်ခဲ့သည်။
စစ်တမ်းကောက်ယူထားရှိမှုအရ ၂၀၂၃ ခုနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံး ဒေသမှာ **စစ်ကိုင်းတိုင်း**ဖြစ်ပြီး မကွေးတိုင်းနှင့် မန္တလေးတိုင်းမှာ ဒုတိယနှင့်တတိယအများဆုံးဖြစ်ကြောင်းတွေ့ရှိရသည်။
**စစ်ကိုင်းတိုင်း**အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဉ်ပေါင်း (**၃၃၄**) **မှု**ဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူ (**၁၀၂၅**) **ဦး** လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရကြောင်း သိရှိသည်။ ထို့ပြင် တရားလက်လွတ်သတ်ဖြတ်ခံရသည့် အမှုပေါင်း (**၁၇၅**) **မှု**မှာ စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရသည်။
ထို့ပြင် **၁၀၂၇ စစ်ဆင်ရေး**နောက်ပိုင်းတွင် အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်မှုများတိုးပွားလာလျက်ရှိပြီး စစ်ဆင်ရေးစတင်ခဲ့သည့်အချိန်မှာ ၂၀၂၃ ဒီဇင်ဘာလကုန်အထိကာလအတွင်း သေဆုံးခဲ့သည့်အရပ်သားပြည်သူပေါင်း (**၅၁၅**) **ဦး**ရှိပြီး ရှမ်းပြည်နယ်တွင် အများဆုံး ထိခိုက် သေဆုံးကြောင်း မှတ်တမ်းတင်စုဆောင်းရရှိသည်။


| ၀၁




ကောက်ယူရရှိသောအမှုပေါင်း၊ ၄၆၅၆
အတည်ပြုပြီးသော အမှုပေါင်း၊ ၆၅၇
ခိုင်လုံသောအမှုပေါင်း၊ ၃၂၂
IIMM သို့ ပေးပို့ပြီးသော အမှုပေါင်း၊ ၁၆၅

| ၀၂




စုစုပေါင်းချိုးဖောက်ခံရသူဦးရေ၊ ၂၁၃၃ ဦး

ကျား၊ ၁၂၉၃ ဦး

မ၊ ၄၄၄ ဦး

UNKNOWN၊ ၆၄ ဦး

အသက် ၁၈နှစ်အောက် ယောကျာ်းလေး၊ ၂၁၆ ဦး

မိန်းကလေး၊ ၁၁၃ ဦး




အသက်သေဆုံးသည်အထိ လူ့အခွင့်အရေးချိုးဖောက်ခံရသူပေါင်း၊ ၁၃၄၂ ဦး

အသက် ၃၆ နှစ်နှင့် အသက်၆၀ ကြား အသက်အပိုင်းအခြားသည် သေဆုံးမှု အများဆုံးဖြစ်ကြောင်းတွေ့ရှိရသည်။

| ၀၃







အများဆုံးချိုးဖောက်ခံရသည့် အမျိုးအစားမှာ တရားလက်လွတ်သတ်ဖြတ်ခံရခြင်းဖြစ်ပြီး အမှုပေါင်း (၃၀၄) မှု အထိ ဖြစ်ပွားခဲ့သည်။

| ၀၄




အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသည့် ဖြစ်စဉ်စုစုပေါင်း (၈၆) ခုဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူပေါင်း (၈၆၈) ဦး သေဆုံးခဲ့သည်။

| ၀၅









# “Sean Turnell ကို တကယ် လေးစားမိပါတယ်”

“Sean Turnell ကိုတကယ်လေးစားမိပါတယ်။ ရက်ပေါင်း ၆၅ဝ တိတိ အာဏာသိမ်းစစ်ကောင်စီကနေ သူ့ကိုဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမျိုးမျိုးနှိပ်စက်ခဲ့တယ်။ သို့ပေမဲ့ သူပြန်လွတ်လာပြီး ဩစတေးလျနိုင်ငံ ပြန်ရောက်တော့ စိတ်ဓါတ်ကျခြင်းမရှိပဲ သူ့နဲ့တွေ့ဆုံခိုက်မှာ မြန်မာပြည်အတွက်တစ်ဖက်တစ်လမ်းကနေ ဆက်လက်ပါဝင် ကူညီသွားမယ်လို့ သူပြောခဲ့တယ် ပြီးတော့ ဒီတော်လှန်ရေးအပြီး ပြန်လည်ထူထောင်ရေးလုပ်တဲ့အချိန်ကျရင်လည်း သူ့ဘက်ကတတ်နိုင်တဲ့ဘက်ကနေ ပါဝင်ကူညီဖို့ အဆင်သင့်ရှိပါတယ်လို့ သူပြောခဲ့တယ်။ တကယ်ပဲ မြန်မာပြည်သူကိုယ်စား ကျေးဇူးတင်သလို တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ကြရင်လည်း လိုက်လိုက်လှဲလှဲကြိုဆိုပါတယ်လို့ ကျနော့်အနေနဲ့ ဖိတ်ခေါ်လိုပါတယ်”

**- ခွန်းဗဟန်းထန်၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

# “လူ့အခွင့်အရေးအရ ချိုးဖောက်ခံရမှု ဆိုးဝါးသောနှစ်လို့ ပြောလို့ ရပါတယ်”




“၂၀၂၃ ကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ အမြဲတမ်းပြောနေသလို အကြမ်းဖက်စစ်အုပ်စုက သွေးဆာနေတဲ့ မိစ္ဆာကောင်တွေလိုပဲ အရပ်သားပြည်ပေါ်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံကို တရစပ် ကျူးလွန်ခဲ့တာကို တွေ့ရပါတယ်။ ပြောမယ်ဆိုရင်တော့ လူ့အခွင့်အရေးအရ ချိုးဖောက်ခံရမှု ဆိုးဝါးသောနှစ်လို့ ပြောလို့ ရပါတယ်။

တစ်ဖက်မှာ နိုင်ငံရေးတက်ကြွလှုပ်ရှား သူတွေကို စနစ်တကျ ဖိနှိပ်ပြီးတော့ အရေးယူဆောင်ရွက်မှုတွေကလည်း ဆက်ပြီးတော့ ရှိနေတယ်။ ပိုမိုဆိုးဝါးတာကတော့ အရင်တုန်းက စစ်ပွဲမဖြစ်ဘူးတဲ့ ဒေသ တွေကော၊ စစ်ပွဲဖြစ်ဖူးခဲ့တဲ့ တိုင်းရင်းသား ဒေသတွေမှာ လက်နက်ကိုင် တိုက်ခိုက်မှု၊ လက်နက်ကိုင် ထိုးစစ်တွေ ဖြစ်လာ တဲ့အတွက် အဲဒီဒေသ တွေမှာ ပြည်သူလူထုကို ပိုပြီးတော့ ပစ်မှတ်ထားပြီးတော့ လေကြောင်း တိုက်ခိုက်မှုတွေ၊ နောက် တခါ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ၊ ဒီလိုမျိုး အဖြစ်အပျက်တွေက ပိုမိုပြီးတော့ ဆိုးဝါးများပြားလာတာကို တွေ့ပါတယ်။

ပြည်သူတွေ အားလုံးရဲ့ အသက်အိုးအိမ် စည်းစိမ် ကို ဂရုမစိုက်ဘဲနဲ့ သေသေချာချာ ပစ်ခတ်တိုက်ခိုက်မှုတွေတင် မကဘူး၊ ပြည်သူလူထု ပိုင်ဆိုင်တဲ့ ကျေးရွာတွေ၊ နေအိမ်တွေ၊ ဒါတွေကို ဦးတည်ချက်၊ ရည်ရွယ်ချက်ရှိရှိနဲ့ မီးလောင်တိုက် သွင်းသလိုပဲ မီးရှို့ဖျက်ဆီးခဲ့တာ တွေ့ရပါတယ်”

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊အမျိုးသားညီညွတ်ရေးအစိုးရ)**

**(၂၀၂၃ ခုနှစ် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ သုံးသပ်ချက် (Human Rights Barometer) မှ ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ ထုတ်လွှင့်ခဲ့ခြင်း ဖြစ်သည်။)**

# ဝန်ကြီးဌာန အကြံပေးအဖွဲ့အား ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန**
**https://mohr.nugmyanmar.org/**
**ထုတ်ပြန်ကြေငြာချက်အမှတ်(၁ /၂၀၂၄)**
**၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်**
**(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)**

**လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၏ အကြံပေးအဖွဲ့ ဖွဲ့စည်းမှုအခြေအနေအား**
**ထုတ်ပြန်ကြေငြာချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနတွင် ယခင်က ဖွဲ့စည်းခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၏ အကြံပေးဘုတ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဒေါ်ခင်လေး - အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူ

(ခ) ဒေါ်နန္ဒာဦး - ဂျန်ဒါတန်းတူညီမျှရေးဆိုင်ရာ ကျွမ်းကျင်သူ၊ ငြိမ်းချမ်းရေးနှင့် လူနည်းစုအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ

(ဂ) ဒေါ်မေပုလဲသွယ်- လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ ငြိမ်းချမ်းရေးနှင့်လူ့အခွင့်အရေး ပညာပေးကိစ္စရပ်များကို ကျွမ်းကျင်သူ

(ဃ) ဒေါ်ဟေမာန် - အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုနှင့် စည်းရုံးရေးလုပ်ငန်းများကို တက်ကြွလှုပ်ရှားဆောင်ရွက်သူ

(င) ဂျာဗဲဒ်အာလောမ်- ရိုဟင်ဂျာအရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ထိတွေ့ဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်သူ

၂။ အကြံပေးအဖွဲ့ဝင်များ၏ စုံလင်ကွဲပြားသည့် ကျွမ်းကျင်မှုများနှင့် လူ့အခွင့်အရေးအပေါ် သန္နိဋ္ဌာန်ခိုင်မာမှုများသည် ဝန်ကြီးဌာန၏လုပ်ငန်းများကို သိသာထင်ရှားစွာ အထောက်အကူပြုနိုင်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

# " ပေါင်(၂၀၀)ဗုံးအရင်ချတယ် ။နောက်ထပ် ROCKET ပစ်သွားတယ် "

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ စိန်းစားရွာ စာသင်ကျောင်းအား အကြမ်းဖက်စစ်အုပ်စုက ပစ်မှတ်ထား၍ လေကြောင်းမှ ဂျက်ဖိုက်တာသုံး၍ ပေါင် ၂၀၀ ပြင်းအား ဗုံးများဖြင့် တိုက်ခိုက်ခဲ့ရာ အသက်မပြည့် ကလေးငယ်တစ်ဦး အပါအဝင် ခြောက်ဦး သေဆုံးကာ ရှစ်ဦး ဒဏ်ရာရရှိခဲ့သည့် အပြင် ပြည်သူပိုင်နေအိမ် (၇) လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

ကနဦး တိုက်ခိုက်ခံရချိန်တွင် ငါးဦး ပွဲချင်းပြီး သေဆုံးခဲ့ကာ အသက်မပြည့် ကလေးငယ်နှစ်ဦးအပါအဝင် ကိုးဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ၎င်းအထဲမှ တစ်ဦးမှာ ကုသနေစဉ်အတွင်း ထပ်မံသေဆုံးခဲ့ရခြင်း ဖြစ်ပြီး ပြည်သူပိုင်နေအိမ်တစ်လုံးမှာမူ လက်နက်ကြီးကျည် တိုက်ရိုက်ထိမှန်၍ မီးလောင်ပြာကျသွားခဲ့သည်။

"ဇန်နဝါရီလ (၄) ရက်နေ့ ညနေပိုင်း (၂) နာရီ (၄၅) လောက် စိန်းနန်းရွာ စာသင်ကျောင်းကို ပစ်သွားတယ်လို့ ယူဆရပါတယ်။ စာသင်ကျောင်းကို ပစ်ရတဲ့အကြောင်းကတော့ သူက ဇန်နဝါရီလ (၅) ရက်နေ့ကို အထက်တန်းတွေကို စာစစ်မယ်ဆိုတာ သတင်းပေါက်သွားတယ်နဲ့တူတယ်။ နှစ်စီးလာတာဗျ။ ပေါင် (၂၀၀) (၂) လုံး အရင်ချတယ်။ ပြီးတော့ နောက်ထပ် Rocket လေယာဉ်ပစ်သွားတယ်၊ (၂) လုံး ထပ်ပစ်တော့၊ (၄) ချက်ပစ်သွားတာပါ။ စာသင်ကျောင်း အုတ်တံတိုင်း ဘေးမှာ အိမ်ခြေတွေ ရှိတာဗျ။ စာသင်ကျောင်းကို တည့်တည့် မကျဘဲနဲ့ အိမ်ခြေတွေပေါ်ကို ကျတော့ ပြည်သူတွေသေ၊ ထိခိုက်ဒဏ်ရာရ အဲဒီလိုတွေ ဖြစ်တာ။ ပြည်သူသေဆုံးတာကတော့ (၅) ဦးသေဆုံးတယ်ဗျ။ ဆေးကုနေတဲ့ (၃) ယောက်က စိုးရိမ်ရတဲ့အထဲ ပါတာ (၁)ယောက်ထပ်ဆုံးသွားတော့ စုစုပေါင်း (၆) ယောက်သေဆုံးပါတယ်။ သေဆုံးတဲ့သူက အမျိုးသမီးက ဒေါ်မိဖွေးပါတယ်၊ ဒေါ်မိုးအေးပါတယ်၊ အမျိုးသမီး ပေါ့ မဇယ်နွယ်ထွန်းပါတယ်၊ မနိုင်နိုင်ထွန်းအသက်(၂၃)နှစ် ပညာရေး volunteer တစ်ယောက် ပါတယ်၊ ယောကျ်ားလေးက ထက်မြက်အောင် အသက် (၅)နှစ် ကလေး သူငယ်ပါ။ အိမ်(၁)လုံးက တည့်တည့်ကျတယ်နဲ့တူတယ်၊ လုံးဝကိုမီးလောင်ပြာကျသွားတာ။ ဘုန်းကြီးကျောင်းကားဂိုဒေါင် ပျက်စီးတယ်။ ဘော်ဒါ (၂) ထပ်ဆောင် ပျက်စီးတယ်"

**- ကိုထွန်းဇော်ဦး (လူ့အခွင့်အရေးတာဝန်ခံ၊ တန့်ဆည်မြို့နယ်)**

**စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ စိန်းစားရွာအား အကြမ်းဖက်စစ်အုပ်စုက ဇန်နဝါရီ ၄ ရက်တွင် လေကြောင်းမှ ဂျက်ဖိုက်တာသုံး ဗုံးကျဲတိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း အသက် ငါးနှစ်အရွယ် ကလေးငယ်အပါအဝင် ခြောက်ဦး သေဆုံးကာ ရှစ်ဦးဒဏ်ရာရရှိခဲ့မှု ဖြစ်စဉ်နှင့် ပတ်သက်၍ တန့်ဆည် လူ့အခွင့်အရေးတာဝန်ခံ ကိုထွန်းဇော်ဦးအား ဆက်သွယ်မေးမြန်းခြင်း**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၃၇၂ (၇၅၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၃၇၂ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၇၅၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၅,၈၂၁

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၅,၈၂၁ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၉၂၂ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၈,၄၉၀ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၂ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေး သူပေါင်း ၁၆၂ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် ကျက်ကွယ်သေဒဏ် .ချမှတ်ခံရသူ များတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၁၉ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက် ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## ၃၉ - လေကြောင်းတိုက်ခိုက်မှု

အကြမ်းဖက်စစ်အုပ်စုက အာဏာသိမ်းပြီးချိန်နောက်ပိုင်း နိုင်ငံတစ်ဝန်း လေကြောင်းတိုက်ခိုက်မှုများ ကျူးလွန်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၆ ရက်အတွင်း အမျိုးသမီး ၁၇ ဦးနှင့် အမျိုးသား ၂၂ ဦး၊ စုစုပေါင်း ၃၉ ဦး သေဆုံးခဲ့သည်။ သေဆုံးသူအများစုမှာ စစ်ကိုင်းတိုင်းမှ ဖြစ်ပြီး ၂၅ ဦးအထိ သေဆုံးထားသည်။

## ၃၈ - လက်နက်ကြီးတိုက်ခိုက်မှု

အကြမ်းဖက်စစ်အုပ်စုက အာဏာသိမ်းပြီးချိန်နောက်ပိုင်း နိုင်ငံတစ်ဝန်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၆ ရက်အတွင်း အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသား ၂၃ ဦး၊ စုစုပေါင်း ၃၈ ဦး သေဆုံးခဲ့သည်။ သေဆုံးသူအများစုမှာ ရခိုင်ပြည်နယ်မှ ဖြစ်ပြီး ၁၈ ဦးအထိ သေဆုံးထားသည်။

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း အကြမ်းဖက်စစ်အုပ်စု ကျူးလွန်ခဲ့သည့် မီးရှို့ဖျက်ဆီးမှုများ

**စစ်ကိုင်းတိုင်း**
- မီးရှို့ခံရအကြိမ် = ၂၇ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၉၂၁ လုံး
- မီးရှို့သတ်ဖြတ်ခံရသူ = ၁၈ ဦး
- ဘာသာရေးအဆောက်အဦး = ၃ လုံး

**မန္တလေးတိုင်း**
- မီးရှို့ခံရအကြိမ် = ၆ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၁၁၇ လုံး

**မကွေးတိုင်း**
- မီးရှို့ခံရအကြိမ် = ၃ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၁၀၉ လုံး

**ရခိုင်ပြည်နယ်**
- မီးရှို့ခံရအကြိမ် = ၇ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၂၀၃ လုံး
- မြို့မဈေး (၁)ဈေးလုံးပြာကျ

**ပဲခူးတိုင်း**
- မီးရှို့ခံရအကြိမ် = ၉ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၇၀ လုံး
- မီးရှို့သတ်ဖြတ်ခံရသူ = ၇ ဦး
- စာသင်ကျောင်း = ၁ ကျောင်း

**ကရင်ပြည်နယ်**
- မီးရှို့ခံရအကြိမ် = ၂ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၅၅ လုံး

**ကယားပြည်နယ်**
- မီးရှို့ခံရအကြိမ် = ၂ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၅၀ လုံး

**တနင်္သာရီတိုင်း**
- မီးရှို့ခံရအကြိမ် = ၂ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၂၁ လုံး

**ချင်ပြည်နယ်**
- မီးရှို့ခံရအကြိမ် = ၃ ကြိမ်
- မီးလောင်ပျက်စီးနေအိမ် = ၉ လုံး

(ယခုဖော်ပြအပ်သောအချက်အလတ်များသည် လွတ်လပ်သော သတင်းမီဒီယာများ၊ အရပ်ဖက်အဖွဲ့စည်းများ၏ထုတ်ပြန်ချက်များနှင့် မြေပြင်ရှိပြည်သူလူထု မှ ပေးပို့သော သတင်းအချက်အလတ်များကို စီစစ်ဖော်ပြခြင်းဖြစ်ပြီး မြေပြင်တွင် စစ်ကောင်စီ၏ အကြမ်းဖက်မှုမှာပို၍များပြားနိုင်ပါသည်။)

ကိုးကား - AAPP , Fire Service Department MOHAI-NUG

**CODE OF CONDUCT**

စစ်သည်တော် ကျင့်ဝတ်စည်းမျဉ်းများ - Soldier's rules



ဘာသာရေး အဆောက်အအုံများနှင့်
ယဉ်ကျေးမှု အမွေအနှစ်များကို လေးစား တန်ဖိုးထားရမည်။